၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့

**<u>စစ်တပ်ချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများမှ အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်ထံ အိတ်ဖွင့်ပေးစာ</u>**

အောက်တွင်လက်မှတ်ရေးထိုးထားသော မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူထုအသိုင်းအဝိုင်းအမျိုးမျိုးကို ကိုယ်စားပြုနေသည့် အရပ်ဘက်လူထုအဖွဲ့အစည်းများအနေဖြင့် အမေရိကန်ပြည်ထောင်စုက လက်ရှိစိတ်ပါဝင်စားနေသော မြန်မာစစ်တပ် သို့မဟုတ် "တပ်မတော်" နှင့် အမေရိကန်စစ်တပ်တို့အကြား စစ်တပ်ချင်း ဆက်ဆံရေး တိုးချဲ့ရန်နှင့် ပုံမှန်ဆက်ဆံရေးထူထောင်ခြင်းအပေါ် အလွန်စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုအပ်ပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများအတွက် လုပ်ငန်းအဝန်းအဝိုင်း လွတ်လပ်ပွင့်လင်းလာခြင်းတို့အပါအဝင် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီ တိုးတက်မှုများအား တွေ့မြင်ခဲ့ရသော်လည်း တပ်မတော်သည် အရပ်သားအစိုးရအပေါ် အဟန့်အတားမဲ့ ဆက်လက်ထိန်းချုပ်ထားဆဲ ဖြစ်ပါသည်။ တပ်မတော်သည် လွှတ်တော်အတွင်း၌ အမတ်နေရာ ၂၅ ရာခိုင်နှုန်း အခိုင်အမာရထားခြင်းကြောင့် အခြေခံဥပဒေကို ဒီမိုကရေစီနည်းကျ ပြောင်းလဲရေးမှန်သမျှအား တစ်ချက်လွှတ် အာဏာဖြင့် ပယ်ချပိုင်ခွင့်ရှိနေသည်။ နိုင်ငံအတွင်း အပေါင်းလက္ခဏာဆောင်သည့် နိုင်ငံရေး တိုးတက်မှုများမှာ အရှိန်မြင့်လာသည့် တပ်မတော်ထိုးစစ်များ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ ထိုးစစ်များ၏ လောင်းရိပ်မိကာ မှေးမှိန်နေရပါသည်။ ရေရှည်တည်တံ့ခဲ့သော အပစ်အခတ်ရပ်စဲရေးကို ၂၀၁၁ ခုနှစ်တွင် တပ်မတော်က ချိုးဖောက်ခဲ့ပြီးချိန်မှစ၍ ပြည်သူလူထု မြောက်မြားစွာ ထိခိုက်ဒဏ်ရာရမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် အသေအပျောက် မှတ်တမ်းများ ရှိနေခဲ့ပြီး၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူ (IDP) ဦးရေမှာလည်း ဆက်လက်မြင့်တက်နေခဲ့သည်။ မကြာသေးခင် ဩဂုတ်လလယ်လောက်ကပင် ကချင်ပြည်နယ်တွင် ပြည်သူလူထု ၁,၀၀၀ ခန့်သည် ၎င်းတို့၏နေအိမ်များမှ စွန့်ခွာရန် ဖိအားပေးခံခဲ့ကြရပြီး ၂၀၁၁ ခုနှစ်ကတည်းကစကာ ရှိနှင့်နေခဲ့သည့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူ ၁၀၀,၀၀၀ ကျော်ကို လူဦးရေ ထပ်တိုးစေခဲ့သည်။

ယခင်က al-Yaqin အမည်ရှိသည့် Arakan Rohingya Salvation Army (ARSA) မှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်တပ်စခန်းများအား ၂၀၁၆ ခုနှစ် နှောင်းပိုင်းတွင် တိုက်ခိုက်ခဲ့မှုအပေါ် တုံ့ပြန်သည့် တပ်မတော်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကြောင့် ဒေသခံရွာသား ၈၇,၀၀၀ ကျော် နေရပ်အိုးအိမ်စွန့်ခွာရွှေ့ပြောင်းခဲ့ကြရသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ရုံး၏ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလထုတ် အစီရင်ခံစာတွင် "လူသားမျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်နိုင်ခြေရောက်သည့်" စစ်တပ်၏ မတရားကျူးလွန်မှုများကို တွေ့ရှိခဲ့ပြီး၊ ကုလသမဂ္ဂလူ့အခွင့်အရေး

ကောင်စီအနေဖြင့် အချက်အလက် ရှာဖွေရေးလုပ်ငန်းစဉ်တစ်ခုကို တာဝန်ပေးအပ်ကာ နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လာစေခဲ့သည်။

ခြုံကြည့်ပါက ကာလရှည်ကြာနေသည့် ပြည်တွင်းပဋိပက္ခများ၏ သဘောသဘာဝအရ တိုင်းရင်းသား ဒေသများတွင် စစ်တပ်ထပ်မံတိုးချဲ့မှု၊ ဆိုးဝါးသည့်လူသားချင်းစာနာထောက်ထားမှု အခြေအနေများနှင့် နိုင်ငံရေး အရ သောင်မတင်ရေမကျ အနေအထားများ ဖြစ်လာစေခဲ့သည်။ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံထားရသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေသော် လည်း ယင်းလုပ်ငန်းစဉ် အပြည့်အဝအောင်မြင်ရန်မှာမူ တပ်မတော်၏ လုပ်ဆောင်မှုများအပေါ် များစွာ မူတည်နေသည်။ ယခုအချိန်အထိမူ တပ်မတော်သည် အရပ်ဘက်ချုပ်ကိုင်မှုအောက်သို့ ကူးပြောင်းမည့် စိတ်စေတနာကောင်းကို အနည်းငယ်မျှသာ ပြသသေးသည့်အတွက် အမေရိကန်စစ်ဘက်မှ စစ်တပ်ချင်း ထိတွေ့ဆက်ဆံမှု တည်ထောင်လုပ်ဆောင်လာပါက တပ်မတော်အား ပိုမိုအတင့်ရဲလာစေပြီး အပြစ်ဒဏ်မှ ကင်းလွတ်စွာ လုပ်ကိုင်ကျူးလွန်နေသည့် အစဉ်အလာအမြစ်တွယ်မှုကို ပိုမိုခိုင်မာစေပါလိမ့်မည်။ ထို့အပြင် အရပ်သားဦးဆောင်သည့်အစိုးရနှင့် နုနယ်နေသေးသည့် လွှတ်တော်တို့မှ ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲ မှုများ လုပ်ဆောင်ရာတွင် အကြီးမားဆုံးအတားအဆီးမှာ တပ်မတော်၏ သဘောထားတင်းမာမှု ဖြစ်နေသော ကြောင့် ယင်းကဲ့သို့သော စစ်တပ်ချင်း ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်းသည် အစိုးရနှင့် လွှတ်တော်ကို အားနည်းစေသည့်အပြင် ၎င်းတို့၏ ဒီမိုကရေစီနည်းကျ လုပ်ငန်းဆောင်တာများအား မျက်ကွယ်ပြုရာ ရောက်ပါ လိမ့်မည်။

မြန်မာနိုင်ငံ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်နေသည့် အဖွဲ့အစည်းအဆောက် အအုံတစ်ခုနှင့် လက်တွဲလုပ်ဆောင်မည့်အစား ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရန် အမှန်တကယ်လုပ်ဆောင် အထောက်အကူပြုနေသည့် အရပ်ဘက်အာဏာပိုင်များ၊ အခွင့်အရေးအခြေပြု အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ပိုမိုထိတွေ့လုပ်ဆောင်ကာ ဆက်ဆံရေးတိုးချဲ့ရန် အမေရိကန် အစိုးရအား မိမိတို့မှ အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းလိုပါသည်။

*အိတ်ဖွင့်ပေးစာအား ထောက်ခံလက်မှတ်ရေးထိုးထားသော အဖွဲ့အစည်း၏ လုံခြုံရေးနှင့် လက်တုံ့ပြန်အရေးယူခံရနိုင်သည့်အရေးကြောင့် အဖွဲ့အစည်း ၈၅ ဖွဲ့အမည်များအား ဖော်ပြခြင်းမပြုပဲ ချန်လှပ်ထားပါသည်။*

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်။ ။**

*Progressive Voice at info@progressive-voice.org, www.progressivevoicemyanmar.org*